**ရန်ကုန်စီးပွားရေးတက္ကသိုလ်**
**MSESI မဟာဘွဲ့သင်တန်း ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း**
**ကြေညာချက်**

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၂၀၂၂-၂၀၂၃) ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် လူမှုစီးပွားတည်တံ့ရေး တီထွင်ဖန်တီးမှုပညာ မဟာဘွဲ့ (MSESI) သင်တန်းသို့ ဝင်ခွင့် လျှောက်ထားနိုင်ပါသည်။

၂။ အဆိုပါ မဟာဘွဲ့သင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထား နိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တစ်ပြိုင်တည်း တက်ရောက်နေသူ မဖြစ်စေရ။

(ဂ) သက်ဆိုင်ရာ သင်ရိုးနှင့်အညီ သတ်မှတ်ထားသော အချိန်အတိုင်း ပြည့်မီစွာ တက်ရောက် နိုင်သူ ဖြစ်ရမည်။

(ဃ) မဟာဘွဲ့သင်တန်းများအတွက် သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲနှင့် လူတွေ့အကဲဖြတ် စစ်ဆေးခြင်း တို့ကို လူကိုယ်တိုင် လာရောက် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(င) သင်တန်းအတွက် လုပ်ငန်းခွင်အတွေ့အကြုံ လုပ်သက်အနည်းဆုံး (၂)နှစ် ရှိသူ ဖြစ်ရမည်။

(စ) (၅-၉-၂၀၂၂) နေ့တွင် အသက်(၂၃)နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့်သတ်မှတ်ထားသည့် လျှောက်လွှာပုံစံ များကို စီမံခန့်ခွဲမှုပညာဌာန (ပတ္တမြားဆောင်)၊ ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် တွင် (၉ - ၈ -၂၀၂၂ မှ ၂၃ - ၈ -၂၀၂၂ အထိ ) သတ်မှတ်ရက်အတွင်း တင်သွင်းလျှောက်ထားနိုင် ပါသည်။

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ( ၂၈ - ၈ -၂၀၂၂) တနင်္ဂနွေနေ့၊ ရန်ကုန်စီးပွားရေး တက္ကသိုလ် (လှိုင်နယ်မြေ)၊ ပါရမီလမ်း ၌ ကျင်းပပါမည်။

၅။ သင်တန်းအတွက် ဝင်ခွင့်ရေးဖြေစာမေးပွဲတွင် သတ်မှတ်အဆင့်မီသူများအား လူတွေ့ စစ်ဆေး ရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၆။ MSESI သင်တန်းအတွက် ဖုန်းအမှတ်(၀၁-၈၆၆၄၆၈၄) တွင် အသေးစိတ်မေးမြန်း စုံစမ်းနိုင် ပါသည်။

မော်ကွန်းထိန်း
ရန်ကုန်စီးပွားရေးတက္ကသိုလ်